ဘုရားဖူးသုတရာကက်သလစ်ကမ္ဘာ အပိုင်း (၁)

## ကက်သလစ်ခရစ်ယာန်ဘာသာဝင်တို့၏ ဝတ်ပြုကိုးကွယ်ရာနေရာများနှင့် အခေါ်အဝေါ်များမိတ်ဆက် (ဘုရားကျောင်းအမျိုးစားများ)

ယုံကြည်သက်ဝင်မှုနှင့် ကိုးကွယ်ဆည်းကပ် ဝတ်ပြုရာသည် ဘာသာတရားတိုင်းမှာ တူယှဉ်တွဲလျက်ရှိနေပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန်သီသာထင်ရှားပေါ်လွင်စေကြလေသည်။ သို့ဖြစ်၍ မိမိယုံကြည်သက်ဝင်ရာ ဘာသာတရားတစ်ခုအား ကိုးကွယ်ဆည်းကပ်ခြင်း (သို့) ဝတ်ပြုခြင်းများပြုလုပ်ခြင်းဖြင့် ကျင့်ကြံနေထိုင်ကြသလို၊ မိမိတို့၏ကျင့်ကြံနေထိုင်ခြင်းအားဖြင့်လည်း မိမိတို့ယုံကြည်သက်ဝင်ရာ ဘာသာတရားတစ်ခုကို သက်သေခံလျက် ထုတ်ဖော်ပြသနေကြလျက်ရှိပေသည်။ ထို့ကြောင့် ယုံကြည်သက်ဝင်မှုနှင့် ကိုးကွယ်ဆည်းကပ် ဝတ်ပြုခြင်းတို့သည် ဘာသာတရားတစ်ခုစီတိုင်းတွင် အခြေခံအကျဆုံးသော အရာများပင်ဖြစ်ပေလိမ့်မည်။ ယုံကြည်သက်ဝင်မှု ဘာသာတရားများမတူကွဲပြားကြသည့်အတိုင်း ဝတ်ပြုကိုးကွယ်ခြင်းများလည်း တစ်ဘာသာနှင့်တစ်ဘာသာ မတူကွဲပြားနေကြပေသည်။ သို့နှင့် ဝတ်ပြုကိုးကွယ်ရာနေရာများနှင့် ဝတ်ပြုကိုးကွယ်ပုံစံများလည်း မတူကြပေ။ ဥပမာ - မာမ်ဒီရမ် ဟူသော ဟိန္ဒူဘုရားကျောင်းများ၊ ဗုဒ္ဓဘာသာဝင်တို့၏ စေတီပုထိုးများ၊ ချပ်ချ်ဟူသော ခရစ်ယာန်ဘုရားကျောင်းများ၊ အစ္စလာမ်ဘာသာဝင်တို့၏ ဗလီဘုရားကျောင်းများ စသဖြင့် ဝတ်ပြုရာနေရာများကို မတူကွဲပြားစွာ ခေါ်တွင်သမုတ်ကြပေသည်။ ဤသို့ အခေါ်အဝေါ်များ ကွဲပြားနေခြင်းတို့၏နောက်ကွယ်တွင်လည်း မတူညီသော ယုံကြည်သက်ဝင်မှု၊ ယဉ်ကျေးမှုများနှင့် နိရုတ္တိဟူသော ဝေါဟာရအရင်းအမြစ်များ စသဖြင့်သော နောက်ခံအကြောင်းရင်းများ အသီးသီးရှိပေလိမ့်မည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း နှစ်ထောင်ကျော်လာခဲ့သော ခရစ်ယာန်ဘာသာတရားတွင်လည်း ဝတ်ပြုကိုးကွယ်ရာနေရာအမျိုးအမျိုးကို တွေ့ရပေမည်။ အစ္စရေးဒေသ၊ အရှေ့အလယ်ပိုင်းမှ စတင်ပေါက်ဖွားလာပြီး ကမ္ဘာတဝှမ်းသို့ သာသနာတော်ပြန့်ပွားလာခဲ့သည်နှင့်အမျှ ကမ္ဘာ့ယဉ်ကျေးမှုနောက်ခံအမျိုးမျိုး ရောယှက်ကာ ယနေ့ဘုရားကျောင်းများသည် ပုံစံမျိုးစုံနှင့် ထွန်းကားလာခဲ့ကြသည်ကို တွေ့မြင်ကြရခြင်းဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုရသော ဘာသာရေးဗိသုကာ ယဉ်ကျေးမှုများ ထွန်းကားကြွယ်ဝလာခဲ့ခြင်းပင် ဖြစ်ပေသည်။ အမှန်စင်စစ်အားဖြင့်ဆိုရသော်၊ ရှေးဦးခရစ်ယာန်တို့တွင် ဤကဲ့သို့သော ဝတ်ပြုကိုးကွယ်ရာနေရာကြီးများဖြင့် အတည်အတန့်မရှိခဲ့ပေ။ အေဒီ အစောဆုံး ရာစုသုံးခုမှာ ရောမအင်ပါယာမင်းတို့၏ နိုင်ငံရေးကစားရာ သားကောင်များဖြစ်ခဲ့ရပြီး ညှင်းပမ်းနှိပ်စက်ခြင်းအမျိုးမျိုးနှင့် ကွက်မြက်ခြင်းတို့ ကြုံတွေ့ခဲ့ခြင်းတို့ကြောင့် ၎င်းရှေးဦးခရစ်ယာန်များမှာ သခင်ဘုရား၏အိမ်တော်ဟု အဓိပ္ပာယ်ရသော ဂရိစကားလုံး ကီရီယားကော့စ် အိုယီကော့စ် (*Kyriakós oíkos*)အတိုင်း အိမ်တစ်အိမ်တွင်

စုရုံးကာအတူတကွဆုတောင်းပဌာနာပြုခြင်း သို့မဟုတ် မြေအောက်လှိုင်ဂူတစ်ခုခုတွင် အတူတကွ တိတ်တဆိပ်စုရုံး ဝတ်ပြုကိုးကွယ်ခြင်းများ ပြုလုပ်ခဲ့ကြရပေသည်။ ထိုမှတဆင့် အေဒီ ၄ရာစု ရောက်သောအခါ ရောမအင်ပါယာမင်း ကွန်စတန်တီနိုသည် ခရစ်ယာန်ဘာသာသို့ ယုံကြည်သက်ဝင်လာပြီးနောက်တွင် ခရစ်ယာန်များသည် ကိုးကွယ်ဝတ်ပြုခြင်းများကို လွတ်လပ်စွာ ပြုလုပ်လာနိုင်ခဲ့ကြပေတော့သည်။ ဤအချိန်မှစ၍ ဘုရားကျောင်းကြီးများ၊ ဘုရားကျောင်းငယ်များကို ဗိသုကာပုံစံမျိုးစုံဖြင့် လှုဒါန်းဆောက်လုပ်လာခဲ့ကြပေတော့သည်။

ယနေ့ ခရစ်ယာန်ဘာသာဝင်တို့၏ ဝတ်ပြုကိုးကွယ်ရာနေရာများကို ယေဘုယျအားဖြင့် Church ဟူသော ဘုရားရှိခိုးကျောင်းများဟုခေါ်ဆိုကြပြီး ခရစ်ယာန်ဘာသာဝင်များသည် ထိုဘုရားရှိခိုးကျောင်းများတွင် အတူတကွစုရုံးကာ ထာဝရဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်း၊ ယေရှုခရစ်တော်၏နောက်ဆုံးညစာ စားပွဲတော်အတိုင်း မဿားတရားတော်မြတ်ပူဇော်ခြင်း၊နှင့် အခြားသော ဘာသာရေးဆိုင်ရာအခမ်းအနားများကို ပြုလုပ်ကြပေသည်။ ဘုရားကျောင်းအဆောက်အအုံများကို များသောအားဖြင့် ကားတိုင်တော်ပုံစံအတိုင်း ဆောက်လုပ်ကြပြီး အတွင်းပိုင်းတွင် အများစုပါဝင်နိုင်ရန်အတွက် ခမ်းမကျယ်ကြီးကဲ့သို့သော ဟင်းတလင်းပြင်ပြုလုပ်ထားကာ အရှေ့ဦးဖျားတွင်မူ မဿားတရားတော်မြတ် ပူဇော်ရန် ဘုရားစင်ကြီးတစ်ခု ပါရှိပေသည်။ ထို့မှ နေရာဒေသအလိုက်ရှိ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအတိုင်း အတွင်းပိုင်းကို အလှဆင်ကြလေ့ရှိကြပေသည်။ အချို့ဘုရားကျောင်းများတွင် ခေါင်းလောင်းကြီးများ ထားရာ ခေါင်းလောင်းစင်ကြီးများလည်း ရံဖန်ရံခါ တွဲဆောက်လေ့ရှိကြသည်။ ဤသည်မှာ ခရစ်ယာန်ဂိုဏ်းကွဲများနှင့်လည်း ယေဘုယျအားဖြင့် တူညီပေသည်။ သို့သော်လည်း ကက်သလစ်အသင်းတော်တွင် မှတ်သားဖွယ်ရာ ဘုရားကျောင်းအမျိုးစားများနှင့် ၎င်းတို့အား အသုံးပြုပုံ ဂုဏ်သိမ်အဆင့်ဆင့် ရှိပေသည်။ ဥပမာ- ကက်သလစ်ခရစ်ယာန်တို့၏ ဝတ်ပြုကိုးကွယ်ရာနေရာများကို ဘာစီလီကာကျောင်းတော်ကြီးများ၊ ကက်သီဒြယ်ဘုရားကျောင်းကြီးများ၊ ဘုရားကျောင်းများ၊ ဘုရားခန်းငယ်များ၊ ဘုရားဖူးရာသန့်ရှင်းသောနေရာများ စသဖြင့် ဂုဏ်သိမ်အဆင့်ဆင့်နှင့် အမျိုးစားများ ကွဲပြားကြပေသည်။

ဤဘုရားကျောင်းအမျိုးစားများနှင့် ဂုဏ်သိမ်အဆင့်ဆင့်ကို ရှင်းပြရမည်ဆိုလျှင် ကက်သီဒြယ်ဘုရားကျောင်းကြီးများအကြောင်းမှ စလျှင် ပို၍နားလည်လွယ်ကူစေမည်။ ကက်သလစ်အသင်းတော်ကြီးသည် (Diocese)ဟူ၍ သာသနာနယ်များဖြင့် ခွဲခြားပြီး စီမံအုပ်ချုပ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ၎င်းသာသနာနယ်တစ်ခုစီတိုင်းမှာ ဆရာတော်ကြီးတစ်ပါးသာလျှင် စီမံအုပ်ချုပ် ဦးဆောင်မှုပြုသည်။ (လိုအပ်လျှင်မူ လက်ထောက်ဆရာတော်များနှင့်အတူ ပူးတွဲစီမံအုပ်ချုပ်လေသည်။)။ ထို့နောက် ၎င်း၏သီးသန့်သာသနာနယ်တစ်ခုအတွင်း၌ (Parish) ဟူ၍ သာသနာစုလေးများ ထပ်မံခွဲခြားထားပြီး ဘုန်းတော်ကြီးများဖြင့် ဦးစီးဦးဆောင်မှုပြုစေသည်။ ပုံမှန်အားဖြင့် (Diocese)

သာသနာနယ်တစ်ခုမှာ ဆရာတော်ကြီးတစ်ပါးသာလျှင် ထားရှိသည့်အတွက် ဆရာတော်ကျောင်းထိုင်သော နေရာသည် ထိုသာသနာနယ်တစ်ခုလုံး၏ ဗဟိုရ်ဖြစ်ပေသည်။ ၎င်းဗဟိုရ်နေရာမှ ဝတ်ပြုကိုးကွယ်ရာကျောင်းတော်ကြီးကို ကက်သီဒြရယ်ကျောင်းတော်ကြီးဟု ခေါ်ဆိုပေသည်။ ထို့ကြောင့် လွယ်လွယ်မှတ်သားရသော် သာသနာနယ်တစ်ခုစီတိုင်းမှာ ကက်သီဒြရယ်ဘုရားကျောင်းကြီး တစ်ခုသာရှိ၍ အခြားသော ကိုးကွယ်ဝတ်ပြုရာကျောင်းတော်များသည် သာမန်ဘုရားကျောင်းများသာဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုရသော် ကက်သီဒြရယ်ဘုရားကျောင်းကြီးဆိုသည်မှာ သာသနာနယ်တစ်ခုလုံးအတွင်းရှိ ဝတ်ပြုကိုးကွယ်ရာဘုရားကျောင်းများထဲမှာမှ ဗဟိုဘုရားကျောင်းကြီးပင်ဖြစ်ပေသည်။ ၎င်းကက်သီဒြရယ်ကျောင်းတော်ကြီး၏ အဆောက်အုံမှာ သာသနာနယ်တစ်ခုလုံးအတွင်း အကြီးမားဆုံးသော အဆောက်ဦးဖြစ်ဖို့မလိုအပ်ပါ။- ဖြစ်လျှင်မှလည်း ဖြစ်ပေလိမ့်မည်။ ထို့အပြင် အခမ်းနားထည်ဝါဆုံးသော ကျောင်းဖြစ်ဖို့လည်း မလိုအပ်ပါ။-ဖြစ်လျှင်မှလည်း ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ သာသနာနယ်တစ်ခုအတွင်း အခြားသော ဘုရားကျောင်းအချို့သည် ၎င်းကက်သီဒြရယ်ဘုရားကျောင်းထက် ပို၍ထုထည်ကြီးမားနိုင်သလို၊ ပို၍ ခမ်းနားထည်ဝါနိုင်ပေသည်။ သို့သော်လည်း ကက်သီဒြရယ်ကျောင်းတော်ကြီးမှာ ဂုဏ်သိမ်အားဖြင့် သာသနာနယ်တစ်ခုအတွင်း အမြင့်ဆုံးဖြစ်ပေသည်။

ကက်သီဒြရယ်ဟူသော ဝေါဟာရမှာ မူရင်းဂရိဘာသာစကား ကက်သဲလ်ဒရာ (*kathédra*)မှဆင်းသက်လာပြီး ထိုင်ရာနေရာ (သို့မဟုတ်) ထိုင်ခုံဟုအဓိပ္ပာယ်ရပေသည်။ ဤထိုင်ခုံ (သို့မဟုတ်) ဤထိုင်ရာနေရာသည် ရှေးဦးကာလတွင် အုပ်ချုပ်မင်းမူ အခွင့်အာဏာရှိသူများနှင့် ဂါဝရထိုက်သူ ဆရာများအတွက်သာလျှင် ရည်ညွှန်းခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ဆရာတော်ကြီးသည်လည်း သွန်သင်အုပ်ထိန်း၊ ဦးဆောင်လမ်းပြသူဖြစ်သည့်အလျောက် ၎င်းထိုင်ခုံနေရာတွင် ဂါဝရထိုက်သူဖြစ်ပေသည်။ ရှေးယခင်မှ ခေတ်လယ်သည့်တိုင်အောင် ကက်သလစ်ခရစ်ယာန်ဘာသာဝင်တို့၏ ဘုရားကျောင်းများတွင် တရားနာသူ၊ မစ္ဆားတရားတွင် တက်ရောက်ပါဝင်သူများအတွက် ခုံတန်းရှည်များမရှိဘဲ မတ်တတ်ရပ်၍ ပါဝင်ခဲ့ကြရပေသည်။ ထို့ကြောင့် ဤကဲ့သို့ထိုင်ခုံ၊ ထိုင်ရာနေရာဟု အဓိပ္ပာယ်ရသော ဂရိဝေါဟာရ ကက်သဲလ်ဒရာကို အစွဲပြု၍ ဆရာတော်ကျောင်းထိုင်ရာနှင့် ၎င်းနေရာရှိ ဝတ်ပြုကိုးကွယ်ရာကျောင်းကို ကက်သီဒြရယ်ဟု ခေါ်ဆိုခြင်းဖြစ်ပေသည်။

ထို့မှ၊ (Diocese) သာသနာနယ်တစ်ခုစီအတွင်းရှိ (Parish)ဟူသော သာသနာအုပ်စုငယ်များကို ထိုသာသနာနယ်ပိုင် ဆရာတော်ကြီးတစ်ပါး၏လက်အောက်မှတဆင့် ဘုန်းတော်ကြီးများဖြင့် ဦးစီးဦးဆောင်မှုပြုစေသည်။ ထိုသို့ ဘုန်းတော်ကြီးများ ဦးစီးဦးဆောင်မှုပြု၍ တာဝန်ယူထားရသော သာသနာအုပ်စုအတွင်းရှိ ဝတ်ပြုကိုးကွယ်ရာ ကျောင်းများကိုမူ သာမန်အားဖြင့် (Church)ဘုရားကျောင်းများဟု ခေါ်ဆိုပေသည်။ ၎င်းဘုရားကျောင်းများကို တနည်းအားဖြင့် (Parish Church) သာသနာစု၏ ဝတ်ပြုကိုးကွယ်ရာကျောင်းဟုလည်း ခေါ်ဆိုကြပေသည်။

ဤသာသနာစု ဘုရားကျောင်းများ၏ ကျောင်းထိုင်ဘုန်းကြီးများကိုလည်း (Parish Priest) သာသနာစု တပိုင် ဘုန်းတော်ကြီးဟုခေါ်ဆိုကြပေသည်။ ရံဖန်ရံခါ လက်ထောက်ကျောင်းထိုင်များလည်း ပူးတွဲခန့်အပ်၍ ကျောင်းထိုင်စေသည်။

ထို့မှ၊ (Chapel) ဟူသော ဘုရားခန်းများလည်း ဝတ်ပြုကိုးကွယ်ရာနေရာများအဖြစ် အသုံးပြုကြလေသည်။ သို့ဖြစ်၍ ၎င်းဘုရားခန်းများ၏ အတွင်းပိုင်းပြင်ဆင်ပုံမှာ ဘုရားကျောင်းအတွင်းပိုင်းနှင့် အတူတူပင်ဖြစ်ပေသည်။ ဤသို့သော ဘုရားခန်းများကိုမူ ဘုရားကျောင်းများကဲ့သို့ အများသုံးဝတ်ပြုကိုးကွယ်ရာနေရာအဖြစ် အသုံးမပြုကြဘဲ သီးသန့် အဆောက်အဦးနှင့် အဖွဲ့အစည်းများ၏ ပုဂ္ဂလိက ဝတ်ပြုကိုးကွယ်ရာနေရာအဖြစ် အသုံးပြုကြလေသည်။ ဥပမာအားဖြင့် ၎င်းဘုရားခန်းငယ်များကို ဘာသာရေးအသင်းဂိုဏ်းဝင်များ၏ ဘုန်းကြီး၊ သီလရှင်ကျောင်းများအတွင်းသော်လည်းကောင်း၊ ခရစ်ယာန်စာသင်ကျောင်းများနှင့် ခရစ်ယာန်ဘာသာရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၏ ပုဂ္ဂလိက အဆောက်အဦးများအတွင်း၌ ထားရှိအသုံးပြုကြလေသည်။

အထက်ပါ ဝတ်ပြုကိုးကွယ်ရာနေများအပြင် ကက်သလစ်ခရစ်ယာန်ဘာသာအတွင်း အထူးမှတ်သားဖွယ်ရာ ဝတ်ပြုကိုးကွယ်ရာနေရာမှာ ဘာစီလီကာဘုရားကျောင်းကြီးများပင်ဖြစ်သည်။ ဘာစီကာကို အဓိပ္ပာယ်ဖွင့်ရခက်ပေလိမ့်မည်။ မူရင်းဂရိဘာသာစကား ဘာစီလီကဲ-စတိုအာ (Basilikē stoa) ဟူသော စကားလုံးနှစ်လုံးပေါင်းမှ ဆင်းသက်လာပြီး တိုက်ရိုက်အဓိပ္ပာယ်ပြန်ဆိုရသော် တော်ဝင်စင်္ကြံလမ်း (သို့မဟုတ်) နန်းသုံးကြီးကျယ်ခမ်းနားသော ခန်းမဆောင်ကြီး ဟုဆိုရပေလိမ့်မည်။ ဗိသုကာအနေဖြင့်ဆိုရသော် ဘာစီလီကာဆိုသည်မှာ ရောမအင်ပါယာမှ ဗိသုကာအမွေအနှစ်တစ်ခုဖြစ်ပေသည်။ အဆောက်အဦးပုံစံမှာ အရှေ့ဦးခေါင်းပိုင်းတွင် အမိုးခုံးကြီး ပြုလုပ်ထားပြီး အနောက်ပိုင်းတပိုင်းလုံးအား တိုင်နှစ်လုံးယှဉ်တန်း၍ သွားလမ်းသုံးလမ်းပါပြီး အချိုးစားကျကျဖြင့် တောက်လျှောက် ရှည်လျားသော ခန်းမကြီးအဖြစ် မျက်နှာကျက်မြင့်မားစွာ ဆောက်လုပ်ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ အမိုးခုံးနှင့်တိုင်နှစ်လုံးတန်းဖြင့် လမ်းသွားစင်္ကြံသုံးခုပါသော ခန်းမကြီးဟု လွယ်လွယ်ကူကူ အဓိပ္ပာယ်ဖွင့်ဆိုရပေမည်။ ရှေးရောမခေတ်ကာလတွင် ရောမအင်ပါယာမင်းတို့သည် ၎င်းဘာစီလီကာ ခန်းမကြီးများကို ဆောက်လုပ်ပြီး များသောအားဖြင့် တော်ဝင်မိသားစု၏ ခုံတရားရုံးအဖြစ်သော်လည်းကောင်း၊ အင်ပါယာမင်းကိုယ်တိုင်တက်ရောက်သော ဗဟိုတရားရုံးအဖြစ်သော်လည်းကောင်း အသုံးပြုကြလေသည်။

အေဒီ ၄ရာစုနောက်ပိုင်းမှစ၍ ခရစ်ယာန်တရားတော်တွင် ယုံကြည်သက်ဝင်လာခဲ့သော အင်ပါယာမင်း ကွန်စတန်တီးနိုအပါအဝင် အခြားသော လူကုံထံပုဂ္ဂိုလ်များ၏ ကုသိုလ်အလှူဒါနများ၊ အကူအညီများဖြင့် ခရစ်ယာန်ကိုးကွယ်ရာနေရာများကို

၎င်းဘာစီလီကာပုံစံအတိုင်း ဆောက်လုပ်လာခဲ့ကြပေတော့သည်။ ဆရာတော်ကြီးများသည်လည်း အထူးသဒ္ဓါကြည်ညိုထိုက်သည့်နေရာများ၊ သန့်ရှင်းမြင့်မြတ်သော နေရာများ နှင့် သာသနာ၏ အထူးသဒ္ဓါကြည်ညိုဂုဏ်ပြုထိုက်သော ရဟန္တာအရှင်သူမြတ်ကြီးတို့၏နေရာများကို ဘာစီလီကာအဖြစ် ဆောက်လုပ်ဂုဏ်ပြုလျက် သဒ္ဓါကြည်ညိုခြင်းပြုလာခဲ့ကြပေတော့သည်။ ဥပမာအားဖြင့် တမန်တော်ကြီးပေါလူးအား ၎င်းကွက်မြက်ခံခဲ့ရသောနေရာ၌ပင် ဘာစီလီကာကျောင်းဆောက်၍ ယနေ့အထိ သံပေါလူးဘာစီလီကာကျောင်းတော်ကြီးဟု ခေါ်ဆိုကြပေသည်။

ဘာစီလီကာကျောင်းတော်ကြီးများကို (Major Basilica) ဘာစီလီကာကြီးနှင့် (Minor Basilica) ဘာစီလီကာငယ်ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားထားလေသည်။ အဓိကအားဖြင့်တော့ ရှေးယခင်ကတည်းမှ တည်ရှိလာခဲ့သော ရောမမြို့ရှိ ဘာစီလီကာကြီး လေးခုအား မေဂျာဘာစီလီအဖြစ် သတ်မှတ်ခေါ်ဆိုကြပြီး ၎င်းတို့မှာ ပုပ်ရဟန်းမင်းကြီး၏ လက်အောက်တွင် တိုက်ရိုက်ရှိလေသည်။ သို့ဖြစ်၍ ၎င်းဘာစီလီကာကြီးလေးခု၏ ကျောင်းထိုင်ဆရာတော်ကြီးမှာ ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်ပင်ဖြစ်ပေသည်။

ထိုနောက် ဘာစီလီကာငယ်များစွာကို ကမ္ဘာတဝှမ်းတွင် အနှံ့အပြားတွေ့မြင်နိုင်ပြီး ၎င်းဘာစီလီကာငယ်များမှာ ပုပ်ရဟန်းမင်းကြီး၏အသိမှတ်ပြုဖြစ်သော်လည်း သီးခြားရပ်တည်ကြသည်ဟု ဆိုရပေမည်။ များသောအားဖြင့် ဘုရားဖူးနေရာများတွင် ခရစ်တော်သခင်၊ မယ်တော်မာရိယာမှအစ ရဟန္တာသူတော်စင်ကြီးများ၏ အသုံးအဆောင်တစ်ခုခု၊ (သို့မဟုတ်) ခန္ဓာအပိုင်းအစ တချို့အား (Relic) ပဌနာအဖြစ်ထားရှိကာ ဘာစီလီကာအဖြစ် ဘုရားကျောင်းဆောက်လုပ်ဂုဏ်ပြုထားကြပေသည်။ ၎င်းကျောင်းများကိုမူ ဘာစီလီကာငယ်များအဖြစ် ခေါ်ဆိုကြပေသည်။ မှတ်သားဖွယ်ရာမှာ ၎င်းဘာစီလီကာကျောင်းတော်ကြီးများသည် ကက်သီဒြယ်ဟူသော ဗဟိုဘုရားကျောင်းကြီး၏ စီမံခန့်ခွဲမှုအောက်တွင် တိုက်ရိုက်ရှိရန်မလိုအပ်ပေ။ တချို့မှာ ရဟန်းအမတ်ကာဒီနယ်ကြီးများ၏ စီမံခန့်ခွဲ ဦးဆောင်မှုအောက်တွင် ရှိပြီး၊ အချို့မှာ ဒေသခံဆရာတော်ကြီးတစ်ပါးပါး၏ လက်အောက်တွင် ရှိလေသည်။ တချို့မှာလည်း ကျောင်းထိုင်ဘုန်းတော်ကြီး၏ ဦးစီးဦးဆောင်မှုအောက်တွင်သာ ရှိနေတတ်ပြီး အချို့မှာလည်း ဘာသာရေးအသင်းဂိုဏ်းများ၏ စီမံခန့်ခွဲမှုအောက်တွင် ရှိနေတတ်ပေသည်။ ကမ္ဘာတဝှမ်းလုံးမှာ ဘာစီလီကာကျောင်းငယ်ပေါင်း ၁၄၀၀ ကျော်ရှိပြီး ၎င်းတို့ထဲမှ ၅၂၇ ကျောင်းကို အီတလီနိုင်ငံ တနိုင်ငံတည်းမှာပင် တွေ့ရှိနိုင်ပေသည်။

ကမ္ဘာတဝှမ်း သာသနာတော်ပြန့်ပွားလာသည့်အတိုင်း ကမ္ဘာ့ယဉ်ကျေးမှုမျိုးစုံတွင် တူညီသော ယုံကြည်ခြင်း၊ ဘာသာတရားတစ်ခုတည်းမှာပင် မတူညီ ကွဲပြားထူးခြားသော ဗိသုကာများ၊ အနုပညာများဖြင့် ဆောက်လုပ်ထားကြသော ဘုရားကျောင်းကြီးများကိုလည်း ဆက်လက်၍

လေ့လာကြည့်ကြပါစို့။ တချိန်တည်းမှာပင် စာပေဗဟုသုတမှတဆင့် ကမ္ဘာတလွှား အထင်ကရရှိ၍ ကြီးမြတ်လှသော ဘုရားကျောင်း၊ ဝတ်ပြုကိုးကွယ်ရာနေရာများသို့ ဘုရားဖူးသွားကြပါစို့။

မနောအောင် (ဒိုမီနီကန်)